# အလေးထားရမည့်အကြောင်းအချက်များ အမှတ်(၂၅)
## သင်ယူမှု ဆုံးရှုံးခြင်းမဖြစ်စေရန် အရေးကြီးပါသည်

**၂၀၂၀ ပြည့်နှစ်မှာ ကိုဗစ်-၁၉ ကူးစက်ကပ်ဘေးကြောင့် နိုင်ငံတကာနည်းတူ မြန်မာနိုင်ငံမှာလည်း စာသင်ကျောင်းတွေကို ပိတ်ခဲ့ရပါတယ်။ မြန်မာနိုင်ငံမှာ ၂၀၂၁ ခုနှစ် ဖေဖော်ဝါရီ ၁ ရက် စစ်အာဏာသိမ်းခံရပြီးနောက်ပိုင်း စစ်အာဏာရှင်စနစ် ဆန့်ကျင်ရေး လူထုလှုပ်ရှားမှုကြီး ပေါ်ပေါက်ခဲ့ပါတယ်။ ကျောင်းသားလူငယ်အများအပြား ဦးဆောင် ပါဝင်ခဲ့ကြသလို ဆရာ-ဆရာမတွေ၊ ကျောင်း-တက္ကသိုလ်တွေနဲ့ သက်မွေးတက္ကသိုလ်တွေကလည်း အကြမ်းမဖက်လှုပ်ရှားမှု (CDM) မှာ ပူးပေါင်းပါဝင်ခဲ့ပါတယ်။ အာဏာသိမ်း စစ်ကောင်စီက လူထုလှုပ်ရှားမှုဆန္ဒပြပွဲတွေကို အကြမ်းဖက်ဖြိုခွင်းခဲ့ပြီး အခု (ကိုဗစ်တတိယလှိုင်း အန္တရာယ်အပေါ် စိုးရိမ်မှုတွေရှိနေတဲ့ကြားက) ကျောင်းတွေကို ပြန်ဖွင့်ဖို့ ကြိုးစားလာပါတယ်။ တဖက်မှာလည်း 'စစ်အာဏာရှင်လက်အောက်- ကျောင်းမတက်ရေး' လှုံ့ဆော်မှုတွေရှိပါတယ်။ ဒီအခြေအနေတွေ ကြားထဲမှာ သင်ယူလေ့လာမှုဆုံးရှုံးခြင်းများ (Learning losses) မဖြစ်စေရေးဟာ အလေးထားသင့်တဲ့ အကြောင်းအချက်တခု ဖြစ်လာပါတယ်။**

## ဆိုလိုရင်းအနှစ်ချုပ်

နိုင်ငံတွေရဲ့ စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုအတွက် ချမှတ်ကျင့်သုံးကြတဲ့ မူဝါဒတွေမှာ လူသားရင်းမြစ် (Human capital) နဲ့ လူ့အဖွဲ့အစည်းအပေါ် ရင်းနှီးမြှုပ်နှံမှုတွေကို အများအပြားလုပ်ကြပါတယ်။ အထူးသဖြင့် ပညာရေးကဏ္ဍက အရေးကြီးပါတယ်။ လူတဦးချင်း ထုတ်လုပ်နိုင်စွမ်း တိုးတက်ဖို့အတွက် ကျွမ်းကျင်မှုတွေ ဖြည့်ဆည်းပေးရပါတယ်။ စီးပွားရေးစနစ်တခုလုံးအတွက်တော့ ပြောင်းလဲလာတဲ့ နည်းပညာတွေကို အမီလိုက်ဖို့ ပညာရေးအခံ လိုအပ်ပါတယ်။ စီးပွားရေးနှင့် ဖွံ့ဖြိုးရေး ပူးပေါင်းဆောင်ရွက်မှုအဖွဲ့ (OECD) အစီရင်ခံစာ (၂၀၂၀) ရဲ့ ဖော်ပြချက်မှာ ပါရှိတဲ့ သုတေသနတွေအရ ကျောင်းတွေ ပိတ်ထားရတာကြောင့် တတန်းကနေ ၁၂ တန်း ပညာရေး ဆုံးရှုံးရသူ ကျောင်းသားတွေဟာ သူတို့ ဘဝတသက်တာမှာ လစာဝင်ငွေ သုံးရာခိုင်နှုန်းအထိ လျော့နည်းသွားဖွယ်ရှိတယ်လို့ ဆိုပါတယ်။ နိုင်ငံတွေအနေနဲ့တော့ ကျန်ရှိတဲ့ ရာစုနှစ်တလျှောက်လုံး အခုလို သင်ယူလေ့လာမှု ဆုံးရှုံးမှုအတွက် GDP ရဲ့ ၁ ဒသမ ၅ ရာခိုင်နှုန်း လျော့နည်းသွားဖွယ်ရှိတယ်လို့ သုံးသပ်ကြပါတယ်။ အထူးသဖြင့် အခွင့်အရေးနည်းတဲ့၊ ချို့ငဲ့တဲ့ ကျောင်းသားတွေအပေါ် ထိခိုက်သက်ရောက်မှု ပိုကြီးနိုင်ပါတယ်။

မြန်မာနိုင်ငံမှာ ကိုဗစ်-၁၉ ကူးစက်ကပ်ဘေးကြောင့် ပြီးခဲ့တဲ့ ပညာသင်နှစ်ကို ရပ်နားခဲ့ရပါတယ်။ အခုအခါမှာ စစ်အာဏာသိမ်းမှုကြောင့် လူငယ်တွေအပါအဝင် လူအများစုရဲ့အနာဂတ်ဟာ မရေရာမှုတွေ ဖြစ်လာပါတယ်။ စစ်အာဏာသိမ်းမှုကြောင့် ဖြစ်လာတဲ့ အာဏာရှင်စနစ်ဆန့်ကျင်ရေး လူထုလှုပ်ရှားမှုတွေကို (ခေတ်အဆက်ဆက် လူထုတော်လှန်ရေးများနည်းတူ) လူငယ်တွေကပဲ အစပျိုးဦးဆောင်ခဲ့ကြပါတယ်။ အာဏာသိမ်းစစ်ကောင်စီက အကြမ်းဖက် ဖြိုခွင်းမှုတွေ လုပ်ခဲ့တဲ့အပြင် CDM လှုပ်ရှားမှုမှာ ပါဝင်ခဲ့ကြတဲ့ ကျန်းမာရေးနဲ့ ပညာရေးနယ်ပယ်မှ ပညာရှင်ဝန်ထမ်းတွေကိုလည်း အလုပ်ဖြုတ်တာ၊ ပုဒ်မ ၅၀၅(က) တပ်ပြီး တရားစွဲဆို အမှုဖွင့်ဖမ်းဆီးတာတွေ လုပ်ဆောင်နေပါတယ်။ ဒီကြားထဲမှာပဲ စစ်ကောင်စီက တက္ကသိုလ်ဆိုင်ရာ အဆင့်မြင့်ပညာသင်တန်းတွေကို မေလထဲမှာ ဖွင့်စေခဲ့ပြီး၊ ဇွန်လပိုင်းမှာ အခြေခံပညာကျောင်းတွေ ပြန်ဖွင့်ဖို့ ကြော်ငြာပါတယ်။ တဖက်မှာလည်း အာဏာသိမ်းစစ်ကောင်စီကို ဖီဆန်တဲ့အနေနဲ့ 'စစ်အာဏာရှင်အောက်က ပညာရေးကို ဆန့်ကျင်ရေး'၊ 'ကျောင်းမတက်ရေး' လှုပ်ရှားတောင်းဆိုမှုတွေ ဖြစ်လာသလို တက္ကသိုလ် ကျောင်းသူကျောင်းသား အများစုကလည်း ကျောင်းမတက်ရေး CDM လှုပ်ရှားမှုမှာ ပါဝင်လာကြပါတယ်။ ပိုစိုးရိမ်စရာတခုကတော့ တက္ကသိုလ်ပရိဝုဏ်အတွင်းမှာ ဗုံးပေါက်ကွဲမှုလိုကိစ္စမျိုးတွေ ဖြစ်လာနေတာပါပဲ။ ဒီအခါမှာ နိုင်ငံရေးဘောင်ကိုကျော်ပြီး ပညာရေးကို စဉ်းစားသင့်ပါသလား၊ သင်ယူလေ့လာမှု ဆုံးရှုံးခြင်းတွေဖြစ်ခဲ့ရင် ကျောင်းသား လူငယ်တဦးချင်းသာမက လူ့အဖွဲ့အစည်း၊ နိုင်ငံ၊ စီးပွားရေးစနစ်တခုလုံးအပေါ် ဘယ်လောက် သက်ရောက်နစ်နာနိုင်ပါသလဲ။ မူဝါဒချမှတ်သူများ၊ တော်လှန် ပြောင်းလဲရေး လိုလားသူများအနေနဲ့ စနစ်တကျ လေ့လာချင့်ချိန် ဆုံးဖြတ်သင့်တဲ့ ကိစ္စဖြစ်ပါတယ်။

# အလေးထားရမည့်အကြောင်းအချက်များ အမှတ်(၂၅)
# သင်ယူမှု ဆုံးရှုံးခြင်းမဖြစ်စေရန် အရေးကြီးပါသည်

## ဘာကြောင့်အလေးထားသင့်လဲ

OCED/Harvard survey (2020 May) လေ့လာချက်တွေအရ ကိုဗစ်-၁၉ ကူးစက်ကပ်ဘေးကြောင့် ကျောင်းများ ပိတ်ထားရတဲ့အခါ သင်ယူ လေ့လာဆုံးရှုံးမှု၊ စီးပွားရေး သက်ရောက်မှုတွေသာမက၊ ကျောင်းသားတဦးချင်း (ကလေးများနဲ့ အရွယ်ရောက်စလူငယ်များ) ရဲ့ လူမှု-စိတ်ခံစားမှုပိုင်းဆိုင်ရာ၊ စိတ်အားထက်သန်မှုဆိုင်ရာ ဖွံ့ဖြိုးမှုတွေအပေါ် များစွာ သက်ရောက်တယ်လို့ ဖော်ပြပါတယ်။ အကြောင်းကတော့ စာသင်ခန်းဖော်များနဲ့ ထိတွေ့ဆက်ဆံရမှု လျော့နည်းနေရလို့ ဖြစ်ပါတယ်။ UNICEF ရဲ့ဖော်ပြချက်တွေအရ အသက်ငယ်ရွယ်စဉ်အချိန်ကစလို့ လေ့လာသင်ယူမှုရရှိနိုင်မှုဟာ ကလေးသူငယ် အခွင့်အရေးတခုဖြစ်ပြီး၊ ကမ္ဘာ့ကုလသမဂ္ဂက ချမှတ်ထားတဲ့ ရေရှည်တည်တံ့တဲ့ ဖွံ့ဖြိုးရေးပန်းတိုင်များ (SDG 2030) မှာလည်း အရေးပါတဲ့ ပစ်မှတ်ထား ရည်မှန်းချက်တခုဖြစ်တာကြောင့် အလေးထားသင့်ပါတယ်။

## မြန်မာနိုင်ငံနဲ့ ဆီလျော်သလား

မြန်မာနိုင်ငံရဲ့အခြေအနေက မိအေးနှစ်ခါနာ ပုံစံမျိုးပါပဲ။ ကိုဗစ်ကပ်ဘေးကြောင့် ထိခိုက်နစ်နာခံရတာတွေကို ပြန်လည်ကုစားဖို့ မစွမ်းနိုင်သေးတဲ့အချိန်မှာ စစ်အာဏာသိမ်းမှုကြောင့် မသေချာမရေရာမှုတွေ ပြည့်နှက်ပြီး တဖြည်းဖြည်း ပြိုလဲသွားမယ့်ဘက်ကို ဦးတည်နေပါတယ်။ မြန်မာနိုင်ငံဟာ နိုင်ငံတကာ စံသတ်မှတ်ချက်တွေအရ ပညာရေးနိမ့်ကျတဲ့ နိုင်ငံတခုဖြစ်ပါတယ်။ ပညာရေးအသုံးစရိတ်ဟာ GDP ရဲ့ နှစ်ရာခိုင်နှုန်းလောက်ပဲ သုံးစွဲနိုင်ပါတယ်။ ဒီသုံးစွဲမှုဟာ NLD အစိုးရလက်ထက်ရောက်မှ အမြင့်ဆုံးရောက်လာတာဖြစ်ပြီး၊ ၂၀၁၀ ပြည့်နှစ်မတိုင်ခင် စစ်အစိုးရလက်ထက်မှာ အဲဒီလောက်တောင် သုံးစွဲမှု မရှိခဲ့ပါဘူး။

ကုလသမဂ္ဂ ကလေးများရန်ပုံငွေအဖွဲ့ (UNICEF) ရဲ့ ၂၀၁၅ ခုနှစ် စစ်တမ်းဖော်ပြချက်အရ မြန်မာနိုင်ငံမှာ အသက် ၃-၅ နှစ်ကြား ကလေး ၂၀ ရာခိုင်နှုန်းဟာ စနစ်တကျဖွဲ့စည်းထားတဲ့ ကျောင်းစာ(သင်ယူမှု) မလုပ်နိုင်ပါဘူး။ ၂၀၁၄ ခုနှစ် သန်းခေါင်စာရင်းအရ အသက် ၆-၁၀ ကြား ကလေး ၈၁ ရာခိုင်နှုန်းကပဲ မူလတန်းကျောင်းကို တက်ရောက်နိုင်ပါတယ်။ အသက် ၁၀-၁၉ နှစ်ကြား ကလေးတွေမှာလည်း ကျောင်းထွက်ရမှုနှုန်း မြင့်မားပါတယ်။ အသက် ၁၇ နှစ်မှာ ကျောင်းထွက်ရသူ ၃၀ ရာခိုင်နှုန်းအထိရှိတယ်လို့ သန်းခေါင်စာရင်း (၂၀၁၄) အရ တွေ့ရှိရပါတယ်။ အသက် ၃-၁၇ နှစ်အကြား ကလေး ၁၈၄,၀၀၀ ဦးဟာလည်း မြန်မာနိုင်ငံရဲ့ ပဋိပက္ခစစ်ပွဲများ ဖြစ်ပွားရာဒေသတွေမှာ ကြီးပြင်းနေရပါတယ် (UNICEF)။

ကမ္ဘာ့ဘဏ်ဖော်ပြချက်တွေအရ ၂၀၁၈ ခုနှစ်မှာ မြန်မာနိုင်ငံက တက္ကသိုလ်တွေနဲ့ အဆင့်မြင့်ပညာရေးဌာနတွေမှာ သင်ကြားနေတဲ့ ဆရာ၊ ဆရာမ ၂၆,၀၀၀ ကျော် ရှိပါတယ်။ CDM လှုပ်ရှားမှုကြောင့် ဆရာ-ဆရာမပေါင်း ၁၁,၀၀၀ ကျော်ကို စစ်ကောင်စီက အရေးယူ ထုတ်ပစ်ခဲ့တယ်လို့ ရိုက်တာသတင်းဌာနက မေ ၁၁ ရက်မှာ ဖော်ပြခဲ့ပါတယ်။ ဖမ်းဆီးခံရသူ ၃,၈၀၀ ကျော်မှာလည်း ဆရာ-ဆရာမ ၄၇ ဦး ပါဝင်ပြီး၊ ၁၅၀ ကျော်ကို ဝရမ်းထုတ်ထားပါတယ်။ ဒီလုပ်ဆောင်မှုတွေက ရှိထားပြီးဖြစ်တဲ့ လူသားရင်းမြစ်နဲ့ လူ့အဖွဲ့အစည်းအတွင်းက ရင်းနှီးမြှုပ်နှံမှုတွေမှာ ဂေဟစနစ် ပျက်သုဉ်းတဲ့အထိ ဆိုးကျိုးဖြစ်စေပါတယ်။ အချိန်တိုအတွင်း ပြန်လည်ကုစားနိုင်ဖို့ခက်ခဲပါမယ်။ မြန်မာနိုင်ငံမှာ ပညာရေးပြုပြင်ပြောင်းလဲမှု အစီအစဉ်ကို ၂၀၁၅ ခုနှစ်မှာ စတင်ခဲ့ပါတယ်။ အမျိုးသား ပညာရေး မဟာဗျူဟာ အစီအစဉ် (NESP 1) ၂၀၁၆-၂၀၂၁ နဲ့ (NESP 2) ၂၀၂၁-၂၀၃၀ တို့ကို ပြင်ဆင်နေပါတယ်။ အခု စစ်အာဏာသိမ်းလိုက်တာကြောင့် စစ်ကောင်စီအုပ်ချုပ်ရေးကို ကျောင်းဆရာ-ကျောင်းသား အများစုက ပူးပေါင်းဆောင်ရွက်မှု မလုပ်တော့ပါဘူး။ ဒါ့အပြင် NESP 2 အကောင်အထည်ဖော်မှုမှာ နိုင်ငံတကာ ပူးပေါင်းဆောင်ရွက်မှုနဲ့ ရန်ပုံငွေရရှိမှုအပိုင်းမှာလည်း အခက်အခဲများစွာကြုံတွေ့ရမှာ ဖြစ်ပါတယ်။

## အလေးထားရမည့်အကြောင်းအချက်များ အမှတ်(၂၅)
### သင်ယူမှု ဆုံးရှုံးခြင်းမဖြစ်စေရန် အရေးကြီးပါသည်

**ပညာရေးဝန်ထမ်းများ၏ CDM လှုပ်ရှားမှု၌ ပါဝင်မှုအခြေအနေ**

**၁၂၁,၄၅၅ ဦး**

ဧပြီ ၂၃ ရက်တွင် ပညာရေးဝန်ကြီးဌာနက ထုတ်ပြန်ခဲ့သော စာရင်းများအရ အခြေခံပညာ ဦးစီးဌာနတွင် သင်ကြားရေးနှင့် စီမံဝန်ထမ်း စုစုပေါင်း ၄၅၁,၅၀၆ ဦး ရှိသည့်အနက် ၃၃၀,၀၅၁ ဦး တက်ရောက်ပြီး ၁၂၁,၄၅၅ ဦး ပျက်ကွက်ကြောင်း ဖော်ပြခဲ့သည်။ ရာခိုင်နှုန်းအားဖြင့် ၂၇ ရာခိုင်နှုန်း ပျက်ကွက်မှုရှိခဲ့သည်။

**၁၉,၇၀၁ ဦး**

ဧပြီ ၂၃ ရက်တွင် ပညာရေးဝန်ကြီးဌာနက ထုတ်ပြန်ခဲ့သော စာရင်းများအရ အဆင့်မြင့်ပညာ ဦးစီးဌာနတွင် သင်ကြားရေးနှင့် စီမံဝန်ထမ်း စုစုပေါင်း ၃၅,၀၄၀ ဦး ရှိသည့်အနက် ၁၅,၃၃၉ ဦး တက်ရောက်ပြီး ၁၉,၇၀၁ ဦး ပျက်ကွက်ကြောင်း ဖော်ပြခဲ့သည်။ ရာခိုင်နှုန်းအားဖြင့် ၅၆ ရာခိုင်နှုန်း ပျက်ကွက်မှုရှိခဲ့သည်။

**၁၁,၀၀၀ ဦး**

မေ ၁၁ ရက်တွင် ရိုက်တာသတင်းဌာနက ရေးသားခဲ့သောသတင်းတွင် စစ်အာဏာရှင်စနစ်ကို ဆန့်ကျင်ဆန္ဒပြခဲ့သည့်အတွက် အဆင့်မြင့်ပညာ၊ တက္ကသိုလ် ဆရာဆရာမများနှင့် စီမံဝန်ထမ်း ၁၁,၀၀၀ ကျော်ကို အရေးယူ အလုပ်ထုတ်ခဲ့သည်ဟု  ဆရာများသမဂ္ဂကို ကိုးကား၍ ဖော်ပြခဲ့သည်။

**၁၅၀ ဦး**

CDM ပြုလုပ်သောကြောင့် ပုဒ်မ ၅၀၅(က)ဖြင့် အမှုဖွင့်ထားကြောင်း (ဧပြီ ၂၈ ရက်မှ မေ ၁၃ ရက်အထိ) ကြေညာခံရသော ပညာရေးဝန်ထမ်း ၁၅၀ ဦးကျော် ရှိလာပြီဖြစ်သည်။ ၎င်းတို့အနက် ၁၁၂ ဦးမှာ အခြေခံပညာဦးစီးဌာနမှဖြစ်ပြီး ၃၈ ဦးမှာ အဆင့်မြင့်ပညာဦးစီးဌာနမှဖြစ်ပါသည်။

## အလေးထားရမည့်အကြောင်းအချက်များ အမှတ်(၂၅)
## သင်ယူမှု ဆုံးရှုံးခြင်းမဖြစ်စေရန် အရေးကြီးပါသည်

စစ်ကောင်စီရဲ့ စီမံခန့်ခွဲမှုကြောင့်ဖြစ်စေ၊ စစ်အာဏာရှင်စနစ် ဆန့်ကျင်ရေး လူထုလှုပ်ရှားမှုမှာ ပုံသဏ္ဌာန်မျိုးစုံနဲ့ ပါဝင်နေရတာကြောင့်ဖြစ်စေ သင်ယူလေ့လာမှု ဆုံးရှုံးခြင်းတွေ (Learning losses) ရှိလာတော့မှာ ဖြစ်ပါတယ်။ အထူးသဖြင့် အခြေခံအဆင့် ကျောင်းပညာရေးကိစ္စက အထူးအလေးထား စဉ်းစားသင့်ပါတယ်။ ကလေးသူငယ်တွေ ကျောင်းတက်ခွင့်ဆုံးရှုံးရမယ်ဆိုရင် သူတို့ရဲ့ ဦးနှောက်ဖွံ့ဖြိုးခွင့်၊ လူမှုဆက်ဆံရေး အတွေ့အကြုံ ကျယ်ပြန့်ခွင့်တွေသာမက မိဘတွေရဲ့စားဝတ်နေရေးကအစ တိုင်းပြည်အနာဂတ်အဆုံး အကုန်ထိခိုက်မှာ ဖြစ်ပါတယ်။ ဆင်းရဲနွမ်းပါးတဲ့ မိသားစုတွေအနေနဲ့ ကျောင်းနေအရွယ်ကလေးကို အိမ်မှာထားစာသင်ပေးတဲ့ အိမ်ကျောင်း၊ ပုဂ္ဂလိကကျောင်း၊ နိုင်ငံရပ်ခြားကကျောင်း စတာတွေကို မထားနိုင်သလို၊ သားသမီးငယ်တွေကို ကျောင်းမပို့နိုင်လို့ လူကြီးတယောက်ယောက် အိမ်မှာ စောင့်ရှောက်သူအဖြစ် နေနေရတဲ့အခါ မိသားစုဝင်ငွေရှာနိုင်စွမ်း နည်းပါးသွားမှာမျိုးကိုလည်း လျှော့မတွက်သင့်လှပါဘူး။ အလားတူ စစ်အာဏာရှင်ကို ဆန့်ကျင်ရင်းကနေ၊ ပြည်သူအချင်းချင်း ကျောင်းသားအချင်းချင်း အမုန်းပွားတာကစလို့အကြမ်းဖက်တာအထိ မဖြစ်စေဖို့ဂရုထားသင့်ပါတယ်။

ဒါကြောင့် ပညာရေးအတွက် မူဝါဒပဲဖြစ်ဖြစ်၊ လှုံ့ဆော်လှုပ်ရှားမှုတွေပဲဖြစ်ဖြစ် ချမှတ်ရာမှာ ရေတိုသက်သက်မကြည့်ဘဲ ရေရှည်ကို ဘက်စုံထောင့်စုံ လက်တွေ့ကျကျစဉ်းစားသင့်ပါတယ်။ ဥပမာအားဖြင့်အပြိုင်ပညာရေးစနစ်တွေကို ကျယ်ကျယ်ပြန့်ပြန့် မဖန်တီးပေးနိုင်သေးတဲ့ကာလမှာ ဒီမိုကရေစီနဲ့ ဖယ်ဒရယ်တန်ဖိုးတွေနဲ့လျော်ညီတဲ့ သမိုင်းနဲ့ တိုင်းရင်းသားမိခင်ဘာသာစကားလိုသင်ရိုးတွေကိုစာသင်ကျောင်းတွေမှာဖြည့်စွက်သင်ကြားနိုင်ရေး လှုပ်ရှားမှုတွေ ဆောင်ရွက်တာမျိုးက ပညာရေးလည်း အဆက်မပြတ်စေဘဲ လှုပ်ရှားမှုကိုလည်း လူတိုင်းပါဝင်နိုင်တဲ့နည်းနဲ့ ဆက်ထိန်းနိုင်ဖို့ လမ်းစတခုမို့ အကျိုးများနိုင်ပါတယ်။ ဒီဥပမာအပြင် အခြားပိုမိုကောင်းမွန်တဲ့ ထိုးထွင်း ဖန်တီးမှုရှိတဲ့ နည်းနာတွေကိုလည်း ဝိုင်းစဉ်းစားသင့်ပါတယ်။ ဒ့ါအပြင် မိဘတွေအနေနဲ့ အခြေခံပညာအဆင့်က သူတို့ သားသမီးတွေရဲ့ အနာဂတ်ကို စီမံပုံဖော်ပိုင်ခွင့်၊ ကျောင်းသားတွေရဲ့ ဆုံးဖြတ်ပိုင်ခွင့်တွေကို ဒီမိုကရေစီစနစ်ရဲ့ တန်ဖိုးထားမှုတခုဖြစ်တဲ့ လူတဦးချင်းစီရဲ့ လွတ်လပ်စွာရွေးချယ်ပိုင်ခွင့်အဖြစ် လေးစားအသိမှတ်ပြုဖို့ လိုအပ်ပါတယ်။ ငါဖြစ်စေချင်တာနဲ့မတူ ငါ့ရန်သူဆိုပြီး မိဘနဲ့ကျောင်းသားတွေကို အပြစ်တင် ရန်-ငါခွဲနေမယ့်အစား စစ်အာဏာရှင်စနစ်ကို ပြည်သူအားလုံး သူ့နည်းနဲ့သူ၊ သူတတ်နိုင်တဲ့အခြေနေဘောင်ထဲက တိုက်ပွဲဝင်နိုင်အောင် တီထွင်ကြံဆမှုရှိတဲ့ တိုက်ပွဲပုံစံတွေကို ဖန်တီးဖော်ထုတ်ပေးတာ၊ ချိတ်ဆက်ထိရောက်အောင် ဆောင်ရွက်ပေးတာကသာလျှင် အသင့်တော်ဆုံး နည်းလမ်းတခုဖြစ်နိုင်ပါမယ်။ ပစ်မှတ်မလွဲဖို့၊ တန်ဖိုးထားမှုမသွေဖည်ဖို့ လိုအပ်လှပါတယ်။

အချုပ်ကတော့ သင်ယူလေ့လာမှု ဆုံးရှုံးခြင်းကို ကုစားနိုင်ဖို့နဲ့ (စစ်အာဏာရှင်စနစ်ဆန့်ကျင်ရေး ကာလအတွင်း) ပညာဆက်သင်လိုသူတွေ အခွင့်အရေး မဆုံးရှုံးစေဖို့ ပညာရေးမူဝါဒကို ဘယ်လိုဖော်ဆောင်ကြမလဲ၊ စာသင်ကြားရေးနဲ့ ပတ်သက်တဲ့ လှုံ့ဆော်လှုပ်ရှားမှုတွေကို ဖော်ဆောင်ရာမှာ အင်အားစုအသီးသီးက ရေတိုသာမက ရေရှည်ပါထည့်စဉ်းစားတဲ့ လက်တွေ့ကျကျ ပြင်ဆင်မှုတွေ ပြုလုပ်ကြရပါတော့မယ်။

**Further Readings**

ANU's Myanmar Research Centre. (2021). How Myanmar's coup will impact higher education. Retrieved online at https://myanmar.anu.edu.au/events/news/333/how-myanmar%E2%80%99s-coup-will-impact-higher-education

Hanushek, Eric A., and Ludger Woessmann. (September 2020). Economic Impacts of Learning Losses. OECD. Retrieved online at https://www.oecd.org/education/the-economic-impacts-of-learning-losses-21908d74-en.htm

UNICEF. (2021). Education, *Unicef webisite*. Retrieved from: https://www.unicef.org/myanmar/education